မြန်မာ့အလင်း
အတွဲ (၅၃)
အမှတ် (၃၇)
၁၂၇၅ ခုနစ်က တည်ထောင်သည်။
Established in 1914
Myanma Alinn Daily
၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်
၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်၊ ဗုဒ္ဓဟူးနေ့။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**သတင်းထုတ်ပြန်ချက် (၁၇/၂၀၁၃)**

**၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်**

**(၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)**

**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများ အကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲရေး တွေ့ဆုံဆွေးနွေးပွဲဆောင်ရွက်မှု သတင်းထုတ်ပြန်ချက်**

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုများရပ်စဲရန် လက်မှတ်ရေးထိုးနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၄ - ၅ ရက်များတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မဂ္ဂယ်ခန်းမ၌ ကျင်းပခဲ့ပါသည်။ ယင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်သောအဖွဲ့နှင့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အသီးသီးမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များ တက်ရောက်ကြပါသည်။ လေ့လာသူများအဖြစ် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ ဝမ်ရင်ဖန်းတို့လည်း တက်ရောက်ကြပါသည်။

၂။ အဆိုပါဆွေးနွေးပွဲတွင် လက်နက်ကိုင်တိုင်းရင်းသားခေါင်းဆောင်များက ဖွဲ့စည်းသော **တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့**(Nationwide Ceasefire Coordination Team-NCCT) က ရေးဆွဲသည့် **လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ဘုံသဘောထားရပ်တည်ချက်များ(လိုင်ဇာသဘောတူညီချက်)** ကို တင်ပြ ဆွေးနွေးပြီး **ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ** သို့ ပေးအပ်ပါသည်။

၃။ အလားတူ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီသည် ရေးဆွဲထားသည့် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများ အကြား တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်စာချုပ်(မူကြမ်း)ကို တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ဆိုင်ရာညှိနှိုင်းရေးအဖွဲ့**(NCCT)သို့ ပေးအပ်ပါသည်။

၄။ အဆိုပါဆွေးနွေးပွဲမှ နိုင်ငံရေးသဘောတူညီချက်များ ရရှိသည်အထိ အောက်ပါအချက်များကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း သဘောတူညီကြပါသည်-

(က) တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေး၊

(ခ) နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးဆိုင်ရာ မူဘောင်များချမှတ်ရေး၊

(ဂ) နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပရေး။

၅။ **တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့**(NCCT) သည် **တစ်နိုင်ငံလုံး ဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်စာချုပ်** ချုပ်ဆိုနိုင်ရေးအတွက် လက်နက်ကိုင် တိုင်းရင်းသား အဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်းဆွေးနွေးပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း ကရင်ပြည်နယ် ဘားအံမြို့၌ **ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ**နှင့် တွေ့ဆုံဆွေးနွေးရန် သဘောတူညီကြပါသည်။

၆။ နှစ်ပေါင်း ၆၀ ကျော်ကြာ ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်မည့် ညှိနှိုင်း ဆွေးနွေးမှုများ စတင်ဆောင်ရွက်နိုင်ရန် ဦးတည်လျက် ယခုအစည်းအဝေး၏ ပူးပေါင်းဆောင် ရွက်မှုများအပေါ် နှစ်ဖက်ကိုယ်စားလှယ်များက ကျေနပ်အားရကြပြီး နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ အမြန်ဆုံး ကျင်းပနိုင်ရန် သဘောတူညီထားကြကြောင်း ပူးတွဲသတင်းထုတ်ပြန်ထားသည်ကို အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန် အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**